ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

THE UNION OF MYANMAR

THE STATE LAW AND ORDER RESTORATION COUNCIL

# မြန်မာ့စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဘဏ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

# THE LAW AMENDING THE MYANMA AGRICULTURAL AND RURAL DEVELOPMENT BANK LAW

340

3327

၁၃၅၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် [illegible]

( 30th January, 1997 )

### နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၃/၉၇)

၁၃၅၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်

(၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ် ဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ် ဥပဒေပုဒ်မ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

> "၁။ ဤဥပဒေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဥပဒေဟု ခေါ်တွင်စေရမည်။"

၃။ မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ် ဥပဒေတွင်ပါရှိသော "မြန်မာ့စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဘဏ်" ဆိုသည့် စကားရပ်ကို "မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

### The State Law and Order Restoration Council

## The Law amending the Myanma Agricultural and Rural Development Bank Law

**(The State Law and Order Restoration Council Law No. 3/97)**

*The 7th Waning of Pyatho, 1358 ME*

*(30th January, 1997)*

The State Law and Order Restoration Council hereby enacts the following Law:-

1. This Law shall be called the Law amending the Myanma Agricultural and Rural Development Bank Law.

2. Section 1 of the Myanma Agricultural and Rural Development Bank Law shall be substituted as follows:-

> " 1. This Law shall be called the Myanma Agricultural Development Bank Law ."

3. The expression "Myanma Agricultural and Rural Development Bank" contained in the Myanma Agricultural and Rural Development Bank Law shall be substituted with the expression "Myanma agricultural Development Bank."

၄။ မြန်မာ့စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဘဏ် ဥပဒေပုဒ်မ ၂၊ ပုဒ်မ ခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(က) ဝန်ကြီးဌာန ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနကို ဆိုသည်၊"

၅။ မြန်မာ့စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဘဏ် ဥပဒေပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၂။ အစိုးရသည်–

(က) ဘဏ်၏ဒါရိုက်တာအဖွဲ့ကို အဖွဲ့ဝင်အနည်းဆုံး (၇) ဦးဖြင့် ဖွဲ့စည်းရမည်။

(ခ) အဖွဲ့၏ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးရမည်။

(ဂ) ဥက္ကဋ္ဌ၏ သက်တမ်းကိုသော်လည်းကောင်း၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၏ သက်တမ်းကိုသော်လည်းကောင်း သတ်မှတ်ပေးနိုင်သည်။"

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့



4. Subsection (a) of Section 2 of the Myanma Agricultural and Rural Development Bank Law shall be substituted as follows:-

"(a) Ministry means the Ministry of Agriculture and Irrigation;"

5. Section 12 of the Myanma Agricultural and Rural Development Bank Law shall be substituted as follows:-

"12. The Government --

(a) shall constitute the Board of Directors of the Bank with a minimum of seven members;

(b) shall designate the Chairman and the Secretary of the Board;

(c) may determine the term of office of the Chairman or the term of office of the Secretary and Members of the Board."

**(Sd) Than Shwe**
**Senior General**
**Chairman**
**The State Law and Order Restoration Council**